# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (14-10-2010) (၆၅၁)





## ပေးအပ်ချီးမြှင့်

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း သဘာဝဘေးဒဏ် ကြုံတွေ့ရမှုများ နှစ်ဆပိုမိုများပြားလာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်အမျိုးမျိုးတို့ကို ဖွံ့ဖြိုးပြီးနိုင်ငံကြီးများထက် ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုထိခိုက်ခံစားကြရ

## သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများကို တစ်ကမ္ဘာလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ် မပေါ့သောသတိ၊ မလျှော့သောဇွဲလုံ့လတို့ဖြင့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခန်းမအတွင်း ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

### အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် အောက်တိုဘာလ ဒုတိယပတ် ဗုဒ္ဓဟူးနေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး နှစ်စဉ် အထိမ်းအမှတ် အခမ်းအနားများ ပြုလုပ်ကျင်းပရန် တိုက်တွန်းပြောကြားခဲ့သည့်အတွက် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး ဤနေ့ ဤရက်တွင် ယခုကဲ့သို့ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

၁၄-၁၀-၂၀၁၀
(ကြာသပတေးနေ့)

# အရည်အသွေးနှင့် ထုတ်လုပ်မှုမြှင့်တင်

စက်မှုကဏ္ဍဖွံ့ဖြိုးလာခြင်းသည် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန် ပြည်တွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကိုရယူ၍ ကြိုးပမ်းနေသည်။ နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ တိုးချဲ့ထူထောင်လုပ်ကိုင်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံအသစ်များစွာကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်လျက်ရှိရာ သွင်းကုန်အစားထိုး စက်ရုံအများအပြား ပါဝင်သည်။ စက်မှုနယ်မြေအလိုက် နည်းပညာထုတ်လုပ်မှုမြင့်မားသည့် စက်ရုံများထူထောင်လျက်ရှိရာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်နေကြပြီ။ လူသုံး အိမ်သုံး ကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)၊ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)နှင့် စက်ရုံများနယ်မြေ (ကျောက်ဆည်)ရှိ ဘိလပ်မြေစက်ရုံ၊ ပလတ်စတစ်စက်ရုံစသည့် စက်ရုံများနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံ၊ တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံတို့မှလည်း သွင်းကုန်အစားထိုးပစ္စည်းများ အရှိန်အဟုန်ဖြင့် ထုတ်လုပ်လျက်ရှိသည်။ တိုးချဲ့ပေါ်ထွက်လာဦးမည့် စက်ရုံသစ်များလည်းရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်လာနိုင်မှုနှင့်အတူ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန် ရရှိနေပြီ။ ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူး အရည်အသွေးစံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ ဝယ်လိုအားများသော ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး၊ သုံးစွဲသူ စိတ်ကြိုက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ ကြိုးပမ်းကြရပေဦးမည်။

နိုင်ငံတော်က စက်မှုလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်အညီ အားပေးပံ့ပိုးကူညီလျက်ရှိသည်။ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ ချိတ်ဆက် လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းများ တိုးချဲ့မြှင့်တင် ကြိုးပမ်းကြရန် လိုအပ်မည်ဖြစ်သည်။

ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံများ တိုးချဲ့ပေါ်ထွက် လုပ်ကိုင်လာနိုင်ခြင်းသည် စက်မှုကဏ္ဍဖွံ့ဖြိုးလာမှုကို ဖော်ညွှန်းနေသည်။ စက်ရုံအလုပ်ရုံတိုင်းက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးနှင့် ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး မျက်ခြည်မပြတ် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

## (YMBA)အသင်းခွဲ မြောက်ဥက္ကလာပမြို့နယ်၌ တိုးချဲ့ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က အသင်းခွဲများ တိုးချဲ့ဖွဲ့စည်းရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယအကြိမ် အသင်းခွဲဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဇမ္ဗူရတနာကျောင်းခန်းမ၌ ကျင်းပရာ အသင်းခွဲဖွဲ့စည်းရေး အမှတ်(၂) ဥက္ကဋ္ဌက မြောက်ဥက္ကလာပမြို့နယ် (YMBA) အသင်းခွဲ ဥက္ကဋ္ဌ ဦးစိုးသန်းထံသို့ ခန့်အပ်လွှာနှင့် အသင်းသားစိစစ်ရေးကတ်များအား ပေးအပ်ပြီး အသင်းခွဲဥက္ကဋ္ဌက (YMBA) အသင်းသို့ စည်းရုံးဖွဲ့စည်းရေးရန်ပုံငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)** (ကြေးမုံ)




## ဈေးမီးဘေး ကြိုတင် ကာကွယ်ရေး စစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း မီးသုံးစွဲသည့်ဆိုင်များအား စနစ်တကျ မီးသုံးစွဲမှုရှိစေရေးအတွက် အောက်တိုဘာ ၅ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျားနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြသည်။ (မြို့နယ်စည်ပင်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နယ်မြေခံတပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့(ရွှေမြင်တင်) နယ်မြေခံလေ့ကျင့်ရေးတပ်၏ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တပ်ရင်း၊ တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဥစားကြက်နှင့် ဝက်မွေးမြူထားရှိမှု၊ ရာသီသီးနှံစိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပုသိမ်လေတပ်စခန်းဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးအခြေအနေများကိုလည်းကောင်း၊ ပေါင်းစည်းလယ်ယာ၌ ဘဲများမွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၁၀)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်းတွင် နယ်ဌာနခွဲများဖြစ်သော ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ ရခိုင်ဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ကုန်ပို့ဆောင်ရေးဌာနခွဲနှင့် မြစ်ဝကျွန်းပေါ်ဌာနခွဲတို့မှ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင် ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၁၀) သင်တန်းဖွင့်ပွဲတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ရန်အောင်ပန်းခြံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။** (သတင်းစဉ်)



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ကျန်းမာရေး ကွင်းဆင်းစောင့်ရှောက်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့က ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ခြင်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် နိကာယ်ငါးရပ် ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့ရာ ပထမဦးစွာ ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ရာ မီးယပ်သားဖွား အထူးကုဆရာဝန်ကြီး ဒေါက်တာလှမြတ်မိုမို၊ အထွေထွေအထူးကုသမားတော် ဒေါ်အေးအေးခိုင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မို့မို့တို့က ပြည်သူလူထုကျန်းမာမှု အခြေခံသဘောတရားများကို ဟောပြောခဲ့ရာ ပြည်သူ ၁၂၀၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)





# Hospitality Management Course
# သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Levelနှင့် ဝင်ရောက် လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurantနှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ်အသစ်ကို နိုဝင်ဘာလအတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

HND - BETEC (UK)နှင့် Institute of AH & LA (USA )မှ သတ်မှတ်ထားသော Course Guide Line များကို အခြေခံပြီး နိုင်ငံတကာ ဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ ပို့ချပေးမည့် ဘာသာရပ်များမှာ People Management၊ Human Resources Management၊ Sale & Marketing Management၊ Front Office Management၊ Food & Beverage Management၊ Housekeeping Managementစသည်တို့ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည် ဖြစ်သည်။ စာတွေ့သာမက လက်တွေ့ပိုင်းသင်ခန်းစာများကို ထိရောက်အောင် သင်ကြားပေးမည်ဖြစ်သဖြင့် Management Skills ကို အမှန်တကယ် ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့ ပြန်လည်အသုံးချနိုင်မည်ဖြစ်သည်။ လက်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်လည်း Management Skills များ ပိုမိုသိရှိနားလည်စေရန်အတွက် ရည်ရွယ်ပြီး သင်တန်းကြေး အထူးနှုန်းနှင့် Duty ချိန်လွတ် သင်တန်းများကို စီစဉ်ပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း( ၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဥတုရာသီ
တောကိုမှီ၏

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်များရှိ မိုးရွာသွန်းမှုကြောင့် ရေဝင်သည့်ရွာများမှ အိမ်ထောင်စုများအား

## ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် အောက်တိုဘာ ၁၂ ရက်တွင် မြင်းမူမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၌ ကျင်းပသော မိုးရွာသွန်းမှုကြောင့် ရေဝင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေဝင်အိမ်ထောင်စုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ရေဝင်အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ရေဝင်အိမ်ထောင်စုများအတွက် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး အိမ်ထောင်စုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**တွေ့ဆုံအားပေး**

ဆက်လက်၍ စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမဆောင်၌ ရေဝင်သည့် အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေဝင်အိမ်ထောင်စုဝင်များအား စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများ ပေးအပ်ကြပြီး အိမ်ထောင်စုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ ကျင်းပသည့် လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**ဖြည့်ဆည်းပေး**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြ၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ထောက်ပံ့ပေးအပ်**

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် မြင်းမူမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၌ ရေဝင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)



## နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈) အမှတ်(၁) ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၃

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈) အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မား၍ အသိပညာဗဟုသုတပြည့်ဝစေရန် ဝန်ထမ်းကျင့်ဝတ်တာဝန်နှင့် စည်းကမ်းလိုက်နာဆောင်ရွက်တတ်စေရန် ဖြည့်ဆည်းပေးသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။**




ယခုဂျာနယ်တွင် ဒေါက်တာမောင်မောင်၏ အမှန်တရားနှင့် ဥပဒေပညာရှင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်(ငြိမ်း) ဦးအောင်မြင့် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)၏ နိုင်ငံ့ဝန်ထမ်းဘဝ ပင်ကိုရေးမှတ်တမ်း၊ အဖွဲ့ဝင် ဦးလှမြင့်ဦး၏ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ကြိုဆိုပါသည်၊ အဖွဲ့ဝင် ဦးညီထွန်း၏ နိုင်ငံ့ဝန်ထမ်းများ၏ ICT အရည်အသွေး တိုးတက်မြင့်မားရေးသင်တန်း(၂၀၁၀)၊ ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၏ ပြည်သူ့အုပ်ချုပ်ရေး အယူအဆများ၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွဋ်၏ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ၊ The Commerce Journal တွဲဖက်စာတည်းမှူးချုပ် ဦးဝင်းမြင့်၏ ကုန်သွယ်မှုဖြင့် နိုင်ငံစီးပွားရေးမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသော ကုန်သွယ်ရေးဝန်ထမ်းများ၊ ဝန်ထမ်းရေးရာဦးစီးဌာန၏ မြန်မာနိုင်ငံဝန်ထမ်းများ ရွေးချယ်ပုံသမိုင်းနောက်ဆက်တွဲစာစောင်များ၊ စာတည်းအဖွဲ့၏ နိုင်ငံ့ဝန်ထမ်းများ၏ ICT အရည်အသွေး တိုးတက်မြင့်မားရေးသင်တန်း (၂၀၁၀)မှ ကောက်နုတ်ချက်များ၊ ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အထွေထွေကဏ္ဍများ ပါဝင်သည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနား သရဖူစာပေ ဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ အဖွဲ့ခေါင်းဆောင်များအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများအားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းတို့သည် ဂရိနိုင်ငံ အေသင်မြို့၌ အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (2011 Athens, Special Olympics World Summer Games) အဖွဲ့ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁၀-၂၀၁၀ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓမ္မဂီတသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဘဝ၏အပိုင်းအစများ" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမဠ္ဍဆရာတော်)]
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀)**
၈း၄၀ Phyu Phyu Kyaw Thein Solo Concert (Part-4)
၉း၂၅ အနာဂတ်အတွက်ရည်ရွယ် လျှုဒါန်းကုသိုလ်ပြုရာဝယ်
၉း၄၅ Science For All (ပျက်သုဉ်းလျက်ရှိနေသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ထွန်းနေစိုး)
၁၀း၁၀ Activities In The City (အိအိချွန်၏"ဦးလေးကြီး" သီချင်းမိတ်ဆက်ပွဲ)
၁၀း၂၅ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း. . . မြို့ကျောက်မဲ၏ဂုဏ်သတင်း
၁၀း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၅ The Champion of Dance
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၄)
၁၂း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အနမ်းတွေအမုန်းစွဲ"
၁၂း၃၀ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် မိသားစု၏ပန်းချီပြပွဲ အကြိုပြင်ဆင်မှုများ
၁၂း၄၅ ပါဝင်လှူဒါန်းကုသိုလ်ယူမည် ဒုတိယအင်းလေးဆီ
၁း၀၀ "ဘဝ၏အပိုင်းအစများ" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမဠ္ဍဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄၃)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀)**
၄း၄၀ အနာဂတ်အတွက်ရည်ရွယ် လျှုဒါန်းကုသိုလ်ပြုရာဝယ်
၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (တေးသံရှင်ငယ်ငယ်နှင့် တွေ့ဆုံခြင်း)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၄)
၆း၀၀ MRTV-4 သတင်း
၆း၂၀ အားကစားမြင်ကွင်းစုံ (ကျော်ကျော်ဗို၊ ဖြိုးကြီး၊ မြတ်သူရ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၄)**
၇း၂၀ Phyu Phyu Kyaw Thein Solo Concert (Part-5) -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ စကားနပန်း (လိမ်တတ်တာကောင်းတယ်၊ မလိမ်တတ်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁)**
၁၀း၂၀ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် မိသားစု၏ပန်းချီပြပွဲ အကြိုပြင်ဆင်မှုများ
၁၀း၃၀ ဂီတသရုပ်ပြခန်း (ကံ့ကော်တောမျိုးအောင်)
၁၀း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အနမ်းတွေအမုန်းစွဲ"
၁၁း၂၀ Activities In The City (အိအိချွန်၏"ဦးလေးကြီး" သီချင်းမိတ်ဆက်ပွဲ)
၁၁း၃၅ အနုပညာမိုးကောင်းကင်
၁၂း၀၀ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း. . . မြို့ကျောက်မဲ၏ဂုဏ်သတင်း
၁၂း၂၀ သင်ယူလေ့လာဂီတပညာ (Music Arrangement Module-02) (Intro)
၁၂း၅၅ အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်)(အပိုင်း-၁)
၁း၄၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၂း၀၀ ဓာတ်ကြွင်းအာနိသင်ကင်းစင်ဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၂း၁၅ ကုသမနေ့းတီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၂း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ အောင်မြင်သူတို့၏ဘဝ (ကျော်ကြားသူတို့အတွက်မေမေ) (အပိုင်း-၁)
၄း၁၅ မြန်မာစာ၊ မြန်မာစကား
၄း၃၀ ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၄း၃၅ မြန်မာ့တူရိယာစည်တော်ကြီး
၄း၅၀ ပါဝင်လှူဒါန်းကုသိုလ်ယူမည် ဒုတိယအင်းလေးဆီ
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ



# အီရတ်၌ ဗုံးများပေါက်ကွဲ၍ ဒဏ်ရာရသူ ၂၈ ဦးတွင် အီရန် ဘုရားဖူး ခုနစ်ဦးပါဝင်



**ဘဂ္ဂဒက် အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်းနှင့် နိုင်ငံမြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ အီရန်ဘုရားဖူး ခရီးသည် ခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးအပါအဝင် ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနနှင့် လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံရှိ ရှီးယိုက်ဘုရားကျောင်းမှ ပြန်လာကြသော ဘုရားဖူးများကို ပစ်မှတ်ထား၍ လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားငါးဦး စုစုပေါင်း အီရန်နိုင်ငံသား ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်ရှိ အယ်လ်မတ်ဒါဒီယာမြို့တွင် ဗုံးပေါက်ကွဲရာ ဘုရားဖူးများကို လိုက်ပါစောင့်ရှောက်ပေးသည့် အီရတ်အစောင့် သုံးဦးသေဆုံးသည်။

အီရတ်နိုင်ငံသို့ အီရန်နိုင်ငံမှ ဘုရားဖူးများသည် တစ်ရက်လျှင် ၁၅၀၀ ခန့်လာရောက်လျက်ရှိသည်။

ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားများ စုစုပေါင်း ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် ယာမတ်တွင် လက်လုပ်ဗုံးများ ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်မြို့ အယ်လ်ဝါသက် ပန်းခြံတွင်လည်း ဗုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့သည်။ ယင်းပန်းခြံအတွင်း၌ပင် မော်တော်ယာဉ်တစ်စီး၌ ထောင်ထားသော ဗုံးပေါက်ကွဲရာ ခရီးသည်နှစ်ဦးနှင့် လမ်းသွားလမ်းလာသူနှစ်ဦး ထိခိုက်ခဲ့သည်။

အီရတ်နိုင်ငံတွင် ၂၀၀၆၊ ၂၀၀၇ ခုနှစ်များမှ စတင်၍ အကြမ်းဖက်တိုက်ခိုက်မှုများ ကျဆင်းခဲ့သော်လည်း သောင်းကျန်းသူများနှင့် စစ်ဘက်တို့၏ တိုက်ခိုက်ခြင်းများကြောင့် သေဆုံးမှုများမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်။

**အေအက်ဖ်ပီ။**

## နေတိုးတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်တစ်စင်း ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

**ကဘူး အောက်တိုဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အင်္ဂါနေ့အစောပိုင်းက ပေါက်ကွဲခဲ့သော နေတိုးတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်သည် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက်တွင် သတင်းကြေညာချက်ထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်တွင် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကာ တစ်ဦး သေဆုံးခဲ့ရကြောင်း နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့၏ သတင်းကြေညာချက်အရ သိရသည်။

ယင်းဖြစ်စဉ်၌ ၁၀ ဦးဒဏ်ရာရရှိပြီး နှစ်ဦးသေဆုံးသည်ဟု စစ်ဘက်တာဝန်ရှိသူတစ်ဦးက အစောပိုင်းတွင် ပြောကြားခဲ့သည်။

နေတိုးတပ်ဖွဲ့မှ စီအိပ်ချ်-၄၇ ချင်းနွတ်အမျိုးအစား စစ်ရဟတ်ယာဉ် မြေပြင်ပေါ်သို့ ဆင်းသက်ခဲ့ပြီး မကြာမီမှာပင် ကုန်တင်ခန်းအတွင်းသို့ ဒုံးပစ်လောင်ချာကျည်ဆန် ထိမှန်ခဲ့ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

ဒုံးပစ်လောင်ချာထိမှန်ခံရမှုကြောင့် သေဆုံးခဲ့ရသူမှာ အာဖဂန်လူမျိုး စကားပြန်တစ်ဦး ဖြစ်သည်။ နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အာဖဂန် နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ရဟတ်ယာဉ်ပေါ်တွင် လူ ၂၆ ဦး ပါရှိခဲ့ပြီး အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**



## အီရန် စစ်စခန်းတွင် ပေါက်ကွဲမှုဖြစ်ပွား တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ၁၈ ဦးသေဆုံး

**တီဟီရန် အောက်တိုဘာ ၁၃**

အီရန်နိုင်ငံ အနောက်ပိုင်းစစ်စခန်းရှိ လက်နက်ခဲယမ်း ကုန်လှောင်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ တော်လှန်ရေးအစောင့် တပ်ဖွဲ့ဝင် ၁၈ ဦးသေဆုံးကြောင်း ဗုဒ္ဓဟူးနေ့တွင် နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

မြို့တော်တီဟီရန် အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာရှိ ခိုရမ်မာဘတ်မြို့တွင် အင်္ဂါနေ့က ပေါက်ကွဲမှုကြောင့် တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ၁၄ ဦးလည်း ဒဏ်ရာရရှိကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။ ဒဏ်ရာရရှိသူများကို ခိုရမ်မာဘတ်မြို့ရှိ ဆေးရုံများသို့ တင်ပို့ခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် မီးလောင်မှုကြောင့်လက်နက်ခဲယမ်း ကုန်လှောင်ရုံနေရာသို့ ကူးစက်ရာမှ ဖြစ်ပွားခဲ့သော်လည်း မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းကို ပြောကြားခြင်း မရှိဟုဆိုသည်။

ယင်းပေါက်ကွဲမှုသည် မတော်တဆဖြစ်ပွားခြင်းသာဖြစ်ကြောင်း အီရန်သတင်းဌာနအများစုက ဖော်ပြသည်။ **ရိုက်တာ။**

## လက်နက်ဘေးကြောင့် ဒဏ်ရာရရှိသော အာဖဂန်အရပ်သားဦးရေ နှစ်ဆတိုးလာ

**ကဘူး အောက်တိုဘာ ၁၃**

အာဖဂန်နစ္စတန် ကန်ဒါဟာပြည်နယ်တွင် လက်နက်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူရသူဦးရေသည် ၁၂ လအတွင်း နှစ်ဆမြင့်တက်လာကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီက အောက်တို ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သော ကန်ဒါဟာမြို့ရှိ မာပါရစ် ဒေသဆိုင်ရာဆေးရုံ၌ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း လက်နက်ကြောင့် ထိခိုက်ဒဏ်ရာရသူ လူနာသစ် ၁၀၀၀ ခန့်ကို ဆေးဝါး ကုသပေးခဲ့ရကြောင်း နိုင်ငံတကာ ကြက်ခြေနီကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

### လက်နက်ဘေး

၂၀၀၉ ခုနှစ် အလားတူကာလ၌ လက်နက်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးဝါးကုသမှု ခံယူသူ ၅၀၀ ရှိခဲ့သည်။

ကန်ဒါဟာဒေသသည် တာလီဘန်စစ်သွေးကြွများ ခြေကုပ်ပြုရာဒေသဖြစ်သည်။ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များသည် ယင်းဒေသ၌ နဂါးမင်းစစ်ဆင်ရေးဟု အမည်ပေးထားသော စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို ဆင်နွှဲလျက်ရှိသည်။

### ဖြန့်ကြက်ထား

အာဖဂန်နစ္စတန်တောင်ပိုင်း တာလီဘန် စစ်သွေးကြွများ လှုပ်ရှားလျက်ရှိသော ဟဲလ်မန့်ပြည်နယ်နှင့် ကန်ဒါဟာပြည်နယ်တို့၌ နေတိုးတပ်ဖွဲ့ဝင် ၃၀၀၀၀ ခန့်ကို ဖြန့်ကြက်ထားသည်။

အာဖဂန် နစ္စတန်နိုင်ငံတွင် စစ်ကြောင့် ဒဏ်ရာရရှိသော အရပ်သား ဦးရေမှာ စံချိန်တင်မြင့်တက်လာကြောင်း ကဘူးမြို့ရှိ ကြက်ခြေနီအကြီးအကဲက ပြောကြားသည်။

ရှေ့တန်း စစ်မျက်နှာပြင်များ၌ အရေးပေါ် ဆေးဝါးကုသပေးရန် ရှေးဦးသူနာပြု သေတ္တာများကို ဖြန့်ချိပေးလျက်ရှိကြောင်း ကြက်ခြေနီအကြီးအကဲက ပြောကြားသည်။ **အေအက်ဖ်ပီ။**



**ဒဏ်ရာရရှိသော အရပ်သားများ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။**(*ဓာတ်ပုံ-အင်တာနက်*)

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၃**

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး အောက်တိုဘာ၁၃ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၇၅၁ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၃၇၈၅ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၃၇၅၁ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၃၇၈၅ ဦး |

**အင်တာနက်။**

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ကဘူး အောက်တိုဘာ ၁၃**

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၁၃ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၂၈၅ ဦးရှိပြီး အပြင်းအထန်ထိခိုက် ဒဏ်ရာရရှိသူ ဦးရေမှာ ၄၀၀၁၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၂၈၅ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၄၀၀၁၂ ဦး |

**အင်တာနက်။**

## ကဘူးမြို့အနီး ကုန်တင်လေယာဉ်ပျက်ကျ၊ ကိုးဦးသေဆုံး

**ကဘူး အောက်တိုဘာ ၁၃ -** အင်္ဂါနေ့ နှောင်းပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးအနီးတွင် ကုန်တင်လေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်အမှုထမ်း ကိုးဦး သေဆုံးသွားကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ လေယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံ နေတိုးတပ်ဖွဲ့၏ ပင်မ စစ်အခြေစိုက် ဘာဂရမ်လေယာဉ်ကွင်းမှ ပျံသန်းလာခြင်းဖြစ်ကြောင်း ကဘူးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိပုဂ္ဂိုလ် ရာဆိုလီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းလေယာဉ်သည် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)အတွက် ထောက်ပံ့ရေးပစ္စည်း သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အိုင်အက်စ်အေအက်ဖ်က ယင်းလေယာဉ်သည် ၎င်းတို့ပိုင်မဟုတ်ကြောင်း ပြောကြားသည်။

ထိုလေယာဉ်သည် ကဘူးမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်အရှေ့ဘက် ခန့်မှန်းခြေ ကီလိုမီတာ ၂၅ မှ ၃၀ နီးပါးကွာဝေးသောနေရာတွင် ဒေသစံတော်ချိန် ည ၈ နာရီ မတိုင်မီ ပျက်ကျခြင်းဖြစ်ကြောင်း အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ကနဦး ရရှိချက်သတင်းအရ ပျက်ကျသွားသော လေယာဉ်သည် အယ်လ်-၁၀၀ ဟာကျူလီအမျိုးအစား ကုန်တင်လေယာဉ်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျရာနေရာတွင် ရှာဖွေခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကိုမူ ရှင်းလင်းစွာမသိရသေးချေ။

**အမ်အင်အေ၊ ဆင်ဟွာ။**



**အသက်အကြီးဆုံး မိုင်းလုပ်သား မာရီယိုဂိုမက်စ် မြေပြင်ပေါ် ရောက်လာပြီးနောက် ဆုတောင်းနေစဉ်။**

❖ **ကျောဖုံးမှ**

ပိတ်မိနေခဲ့သော သတ္တုတွင်း လုပ်သားများသည် တစ်ဦးပြီး တစ်ဦး ကယ်ဆယ်ရေးပြွန်အတွင်းသို့ ဝင်ရောက်ကြကာ မြေပြင်ပေါ်သို့ စတင်ကယ်တင်ခဲ့ရာ ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများတို့က ဝမ်းပန်းတသာ ပွေ့ဖက် ကြိုဆိုခဲ့သည်။ ဝမ်းသာအားရ ဖြစ်နေကြသည့် ချီလီပြည်သူများက ကောင်းချီးသြဘာပေးကြသည်။

ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း၊ အကြမ်းအားဖြင့် ၁၂ နာရီ ကြာမြင့်ချိန်တွင် အသက်အငယ်ဆုံးနှင့် အကြီးဆုံးလုပ်သားနှစ်ဦး အပါအဝင် ၁၅ ဦးကို မြေပြင်ပေါ်သို့ ဆွဲတင်နိုင်ခဲ့ပြီဖြစ်သည်။ မည်သည့် အခက်အခဲ၊ မည်သည့် ပြဿနာမျှ မပေါ်ပေါက်ခဲ့လျှင် ကြာသပတေးနေ့ နေမထွက်မီ မိုင်းလုပ်သား ၃၃ ဦးလုံး မြေပြင်သို့ ရောက်ရှိနေမည်ဖြစ်သည်။

ပထမဆုံးတက်လာသော အေဗာလို့စ် ပြွန်အတွင်းမှ ထွက်လာသည်နှင့် ရောက်ရှိနေကြသူအားလုံး၏ ကောင်းချီးပေးသံ သောသောညံသွားသည်။ ဝမ်းသာလွန်း၍ တရှိုက်ရှိုက်ငိုကြွေးနေသည့် ခုနစ်အရွယ်သားငယ်၊ ချစ်လှစွာသော ဇနီးနှင့် ရတက်မအေးရှာသည့် ချီလီသမ္မတကြီး ဆီဗက်စ်တီယန်ပီနဲဒါတို့က သူ့ကို အားပါးတရပွေ့ဖက်ကြသည်။ ချီလီနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ ဤကယ်ဆယ်ရေးကြိုးပမ်းမှုတွင် ချီလီသမ္မတသည်လည်း အားသွန်ခွန်စိုက် ပါဝင်ခဲ့သည်။



**အော့စ်မန်အာရယာ (ယာ)ကို ကြိုဆိုနေသည့် ၎င်း၏ ဇနီးနှင့် ကယ်ဆယ်ရေးအဖွဲ့။**

မြေပြင်ပေါ် ပြန်လည်ရောက်ရှိလာသော မိုင်းလုပ်သားများကို အသင့်စောင့်ဆိုင်းနေသော စစ်ဘက်ရဟတ်ယာဉ်ပေါ်သို့ ခေါ်ဆောင်ကာ အနီးရှိဆေးရုံသို့ ပို့ပေးသည်။ ယင်းဆေးရုံတွင် ကျန်းမာရေးစစ်ဆေးခြင်း၊ လေ့လာခြင်း၊ စောင့်ကြည့်ခြင်းတို့ကို ခံယူ၍ ၄၈ နာရီကြာ နေရမည်ဖြစ်သည်။

ဤမိုင်းလုပ်သား ၃၃ ဦးကဲ့သို့ မြေအောက်တွင် ရက်ပေါင်းများစွာ ပိတ်မိနေပြီးမှ အသက်ရှင်လွတ်မြောက်သည့် ဖြစ်ရပ်မျိုး သမိုင်းတွင် မရှိခဲ့ဖူးသေးပေ။ ဩဂုတ်လ ၅ ရက်က ၎င်းတို့၏ ဝန်းကျင်၌ တန်ချိန် ၇၀၀၀၀၀မျှ ရှိသော ကျောက်ဆိုင် ကျောက်သားများ ပြိုကျသွားပြီးနောက် ၁၇ ရက်မျှကြာသည့်တိုင် ၎င်းတို့ အသက်ရှင်၊ မရှင်ဆိုသည်ကို မည်သူမျှမသိခဲ့ကြပေ။

ပေပေါင်း ၂၀၄၁ ပေ ရှည်သော ကယ်ဆယ်ရေးတွင်းထဲတွင် အလဲအလှယ်မရှိ ဆင်းလိုက် တက်လိုက်၊ အကြိမ်ကြိမ် အဖန်ဖန် သွားနေသောပြွန်သည် တာဝန်ရှိသူများ မျှော်လင့်ထားသည်ထက်ပို၍ မြန်ဆန်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျိမ်းမဲမာနာလစ်ချ်က ပြောကြားသည်။

သတ္တုတွင်းလုပ်သား ရှစ်ဦးကို ဆွဲတင်ပြီးသည့်နောက် ကျန်းမာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲကျင်းပသည်။ ယခုလွတ်မြောက်လာသူအားလုံး ကျန်းမာရေးကောင်းမွန်ကြောင်း၊ အထူးတလည် ပြုစုကုသပေးရမည့်သူ တစ်ဦး တစ်ယောက်မျှ မပါကြောင်း၊ ဆီးချိုရောဂါမျှပင် မရှိကြကြောင်း ပြောကြားသွားသည်။

မြို့တော်စန်တီယာဂိုတွင် အောင်ပွဲအထိမ်းအမှတ် ကားဟွန်းသံများမှာ ဆူညံ၍နေသည်။ မိုင်းလုပ်သား ၂၄ ဦးတို့၏ ဇာတိဒေသမှ မြို့တော် ကိုပီယာပိုတွင် ၎င်းတို့ကို ချီးကျူးဂုဏ်ပြုလျက်ရှိသည်။ ကယ်ဆယ်ရေးဆောင်ရွက်နေခြင်းကို ကျောင်းသားများ၊ မိဘများ စောင့်ကြည့်နိုင်ရန်အတွက် မြို့တော်ဝန်က ကျောင်းများ ပိတ်ပေးထားသည်။

မြောက်အမေရိကမှသည် ဥရောပ၊ အရှေ့အလယ်ပိုင်းနိုင်ငံများအထိ ၎င်းတို့၏ ရုပ်မြင်သံကြားလိုင်းများက ကယ်ဆယ်ရေး ဆောင်ရွက်နေပုံကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိသည်။ လှုပ်ရှားနေသော ရုပ်ပုံများကို တစ်ကမ္ဘာလုံးက အထူးအလေးထား ထုတ်လွှင့်ပေးခဲ့သည်။

လိုဏ်ခေါင်းအတွင်းမှ မှုန်ဝါးဝါး မပီသသော ရုပ်ပုံများတွင် မိုင်းလုပ်သားများသည် ၁၃ ပေ ရှည်သော ပြွန်အတွင်းသို့ ဝင်ရောက်ကြပုံကို ပြသသည်။

၎င်းတို့အားလုံးတွင် အငယ်ဆုံးလုပ်သားလည်းဖြစ်၊ တစ်လသားအရွယ်ကလေးတစ်ဦး၏ ဖခင်လည်းဖြစ်သော ပဋ္ဌမမြောက် မိုင်းလုပ်သား (၁၉) နှစ် အရွယ်ရှိ ဂျင်မီဆန်းချက်စ် တက်ရောက်ပြီးနောက် ကယ်ဆယ်ရေးသမားများက ရပ်နားထားပြီး ကယ်ဆယ်ရေးတွင်းတစ်လျှောက် ပြွန်ချောင်း ချောမွေ့စွာ စုန်ဆန်နိုင်ရေးအတွက် စပရိန်တပ်ထားသော ဘီးများကို ချောဆီများ ထည့်ပေးကြသည်။

ကိုးယောက်မြောက် သတ္တုတွင်းလုပ်သားမှာ ၃၃ ဦးအနက် အသက်အကြီးဆုံးဖြစ်သူမှာ မာရီယိုဂိုမက်စ် ဖြစ်သည်။ အသက် (၆၃) နှစ်အရွယ် ဂိုမက်စ်သည် အတွေ့အကြုံအရင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သူသည် (၁၂) နှစ်သားအရွယ်ကတည်းက သတ္တုတွင်းလုပ်သားဖြစ်လာကာ မိုင်းတွင်းထဲသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ မိုင်းလုပ်သားများတွင် အဖြစ်များလေ့ရှိသော အဆုတ်ရောဂါ တစ်မျိုးကို ခံစားနေရသူဖြစ်သည်။ ၎င်းအား သင့်လျော်သော ဆေးဝါးများနှင့် အောက်ဆီဂျင်ပေးထားကြောင်း ကျန်းမာရေးဝန်ကြီး မာနာလစ်ချ်က ပြောသည်။

ချီလီသတ္တုတွင်းလုပ်သား ၁၇ ဦး မြေပြင်ပေါ်သို့ ရောက်ရှိလာသည့်အနက် တစ်ဦးတည်းသော နိုင်ငံခြားသား သတ္တုတွင်းအလုပ်သမား ဖြစ်သည့် ဘိုလီးဗီးယားနိုင်ငံသား ကားလော့စ်မာမာနီကိုအနီးရှိ ဆေးရုံ၌ ချီလီသမ္မတနှင့်အတူ ဘိုလီးဗီးယားသမ္မတ အီဘိုမိုရေးလ်က သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

မြေပြင်သို့ ရောက်လာပြီးဖြစ်သော မိုင်းလုပ်သားအများစုမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ရှင်းလင်းထားကြသည်။ ၎င်းတို့ လိုဏ်ခေါင်းအတွင်းရှိနေစဉ် အစားအသောက်များ၊ ဆေးဝါးများနှင့်အတူ သင်တုန်းဓားနှင့် မုတ်ဆိတ်ရိတ်ဆပ်ပြာများပါ ထည့်ပေးခဲ့ကြသည်။ သတ္တုတွင်းလုပ်ငန်းသည် ချီလီနိုင်ငံ၏ အသက်သွေးကြောဖြစ်ပြီး နိုင်ငံဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းကို ရှာဖွေပေးနေသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ **အေပီ။**



**မာရီယိုဆီ ပူဗီးဒါနှင့် နှုတ်ဆက်နေသူများအား တွေ့ရစဉ်။**



# ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ချမ်းမြသာစည်မြို့နယ် ရေဝပ်ဇရိယာမိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

(သတင်း-ဖော်ပြပြီး)

(သတင်းစဉ်)

# ပိန်းဇလုပ် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

စတုတ္ထအကြိမ်မြောက် ပိန်းဇလုပ် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် ပိန်းဇလုပ်မြို့ အထက၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဆရာမဒေါ်တင်တင်လှိုင် (အထက ပိန်းဇလုပ်) ဖုန်း-၀၉-၄၉၄၄၀၄၅၇၊ မခင်သူဇာ ဖုန်း-၀၉-၆၃၀၀၁၆၆၊ ကိုအောင်မျိုးထွန်း(ခ) ထုပ်ထုပ် ဖုန်း-၀၉-၄၉၄၄၀၂၆၂၊ မယင်းမာဝင်း(ရန်ကုန်) ဖုန်း-၀၉-၄၉၂၅၀၆၁၆နှင့် ကိုဇေယျာစိုး(ပိန်းဇလုပ်)ဖုန်း-၀၉-၄၉၂၅၉၆၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်တုတ်နေ့အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ မျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် (၁၉) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန်ကိုယ်စား ကျင်းပရေးကော်မတီ နာယက တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ မျက်မမြင်လမ်းလျှောက်တုတ်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ စီမံရေးရာဌာနမှူး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် ဌာနမှူးများ၊ အလှူရှင်များ၊ မျက်မမြင်ကျောင်းများနှင့် မျက်မမြင်အလုပ်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးကိုကိုက လှူဒါန်းသော ငွေကျပ် ၂၀၃၀၀၀၀ နှင့် အလှူရှင် ၃၄ ဦးက လှူဒါန်းငွေနှင့် လှူဒါန်းပစ္စည်းများ အပါအဝင် ငွေကျပ် ၁၁၂၈၆၆၉၄ လှူဒါန်းကြသည်။

အောက်တိုဘာ ၄ ရက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင်လည်း ငွေသားနှင့် လှူဒါန်းပစ္စည်းများ အပါအဝင် ငွေကျပ် ၁၀၇၃၈၇၀၀ လှူဒါန်းခဲ့၍ ယနေ့အထိ အလှူငွေနှင့် လှူဒါန်းပစ္စည်း တန်ဖိုး ငွေကျပ်မှာ ၂၂၀၂၅၃၉၄ ရရှိကြောင်း သိရှိရသည်။

(၁၉)

# တိုက်စစ်အားနည်းသည့် အင်္ဂလန်အသင်း ဝင်ဘာလေကွင်းတွင် သရေတစ်မှတ်သာရ

လန်ဒန် အောက်တိုဘာ ၁၃

**၂၀၁၂ ခုနှစ် ဥရောပဖလားခြေစစ်ပွဲများကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အုပ်စု(G)မှ အင်္ဂလန်အသင်းသည် အိမ်ကွင်းဝင်ဘာလေတွင် မွန်တီနီဂရိုးကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့သည်။**

**တိုက်စစ်အားနည်း**

အင်္ဂလန်အသင်းတွင် ဂျိုးဟတ်၊ ဂလင်းဂျွန်ဆင်၊ ဖာဒီနန်၊ လက်စကော့၊ အက်ရှ်လေကိုး၊ အဒမ်ဂျွန်ဆင်၊ ဂျရတ်၊ ဘယ်ရီ၊ အက်ရှ်လေယန်း(ဖိလစ်)၊ ဝိန်းရွန်နေးနှင့် ပီတာခရော့ချ်(ကီဗင်ဒေဗီး) တို့ ပါဝင်ခဲ့သည်။ တိုက်စစ်ပိုင်းတွင် ဝိန်းရွန်နေးနှင့် ပီတာခရော့ချ်တို့မှာ အတွဲမမိခဲ့၍ မွန်တီနီဂရိုး ဂိုးပေါက်ကို ထိရောက်သည့်ခြိမ်းခြောက်မှုမျိုး မပြုလုပ်နိုင်ခဲ့ပေ။

ကွင်းလယ်မှ ဘယ်ရီ၊ အက်ရှ်လေယန်းနှင့် အဒမ်ဂျွန်ဆင်တို့ ပံ့ပိုးမှုကောင်းခဲ့သော်လည်း ဝိန်းရွန်နေး ပုံမှန်ခြေစွမ်းပျောက်နေခြင်းကြောင့် အင်္ဂလန်အသင်း ဂိုးပေါက်ပျောက်ခဲ့ရခြင်းလည်း ဖြစ်သည်။ ယခုပွဲ ဂိုးမရှိသရေကျခဲ့ခြင်းကြောင့် အုပ်စု(G)တွင် အင်္ဂလန်အသင်းမှာ သုံးပွဲကစားအပြီး ခုနစ်မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကာ မွန်တီနီဂရိုးမှာ လေးပွဲကစား ၁၀ မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေသည်။

**ပြင်သစ် ၂ - ၀ လူဇင်ဘတ်**

အုပ်စု(D)မှ ပြင်သစ်နှင့် လူဇင်ဘတ်တို့ပွဲတွင် အိမ်ရှင်ပြင်သစ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ပြင်သစ်မှာ လေးပွဲကစားအပြီးတွင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုကို ဦးဆောင်လာနိုင်ခဲ့သည်။

**အခြားပွဲစဉ်ရလဒ်များ**

| | | |
|---|---|---|
| ကာဇက်စတန် | ၀ -၃ | ဂျာမနီ |
| မက်ဆီဒိုးနီးယား | ၀ -၁ | ရုရှား |
| ဘီလာရုစ် | ၂ -၀ | အယ်လ်ဘေးနီးယား |
| နယ်သာလန် | ၄ -၁ | ဆွီဒင် |
| ဂရိ | ၂ -၁ | အစ္စရေး |
| ဆွစ်ဇာလန် | ၄ -၁ | ဝေးလ် |
| အိုက်စလန် | ၁ -၃ | ပေါ်တူဂီ |
| စကော့တလန် | ၂ -၃ | စပိန် |

*အင်တာနက်။*

**ဝင်းတင်(ကြေးမုံ)**

# ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ( World Sight Day ) စကျွအမြင်ရှင်သန်ဖို့ ဆယ်စုနှစ်အတွင်း ကြိုးစားစို့

ဒေါက်တာ ကံညွန့်




**ယနေ့ကမ္ဘာကြီးမှာ ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာထဲမှာ မျက်မမြင်တိုက်ဖျက်ရေး၊ ကာကွယ်ရေးဟာလည်း ပြဿနာတစ်ခုပါပဲ။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့" ကို ၂၀၀၀ ပြည့်နှစ်က စတင်ပြီး အောက်တိုဘာလရဲ့ ဒုတိယပတ် ကြာသပတေးနေ့ကို သတ်မှတ်ပြီး ကျင်းပလာခဲ့ကြတာ အခုနှစ်ဆိုရင် (၁၀) နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဒီနှစ်အတွက် ဆောင်ပုဒ်ကတော့ Count down to 2020 စကျွအမြင်ရှင်သန်ဖို့ ဆယ်စုနှစ်အတွင်း ကြိုးစားစို့ပဲ ဖြစ်ပါတယ်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ ကမ္ဘာတစ်ဝန်းမှာ မျက်စိအမြင် မကောင်းသူ ၃၁၄ သန်းခန့်ရှိပြီး ၎င်းတို့အနက် လူဦးရေ ၄၅ သန်းကတော့ လုံးဝမျက်စိကွယ်နေသူများဖြစ်ပြီး ၂၆၉ သန်းကတော့ လူတန်းစေ့ အမြင်အာရုံမရှိဘဲ လွန်မင်းစွာမျက်စိမှုန်နေကြသူတွေ ဖြစ်ပါတယ်။ မျက်စိကွယ်နေသူတွေထဲက ၈၀ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းထိဟာ ကာကွယ်ကုသလို့ရတဲ့ မျက်စိရောဂါကြောင့် မျက်စိကွယ်နေသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်နှစ်တစ်နှစ်မှာ မျက်မမြင်ဦးရေဟာ နှစ်သန်းခန့် တိုးနေတယ်လို့ ဆိုပါတယ်။

မျက်စိကွယ်စေတဲ့ရောဂါတွေကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ကြည်နာရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ မျက်စိထိခိုက်ဒဏ်ရာရောဂါ၊ မျက်မှန်တပ်ဖို့လိုလို့ မျက်စိမှုန်ရတဲ့ ရောဂါ၊ ဆီးချိုသွေးတိုးကြောင့် နောက်ဆက်တွဲဖြစ်ပေါ်တတ်တဲ့ မျက်စိရောဂါတွေနှင့် ကလေးတွေမှာ ဗီတာမင်ဓာတ်ချို့တဲ့လို့ ဖြစ်ရတဲ့ မျက်စိရောဂါတွေကြောင့်ပဲ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ခေတ်မီဆေးဝါးတွေနဲ့ ဆေးကုသနည်းစနစ်တွေ တိုးတက်ပြောင်းလဲလာပြီး လူနေမှုစနစ်တွေကလည်း တိုးတက်လာတာကြောင့် လူတွေက ယခင်ကထက် အသက်ပိုရှည်လာကြပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုတွေမှာ ဖြစ်တတ်တဲ့ မျက်စိအတွင်းတိမ်ရောဂါ၊ ဆီးချိုနှင့် သွေးတိုးကြောင့် ဖြစ်တတ်တဲ့ မျက်စိရောဂါနှင့် မျက်စိအာရုံလွှာပျက်စီးလို့ ဖြစ်ရတဲ့ မျက်စိရောဂါရှင်တွေ ပိုများလာပါတယ်။

နောက်တစ်ခုကလည်း Climate Change ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ အိုဇုန်းလွှာပါးလာမှုတွေကလည်း မျက်စိအတွင်းတိမ်ရောဂါ ပိုဖြစ်စေခဲ့တာဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေက အိုဇုန်းလွှာပါးလွှာမှုကို တားနိုင်ခဲ့ပြီး ယခုရာစုနှစ်အလယ်လောက်မှာ အိုဇုန်းလွှာဟာ နဂိုအတိုင်းဖြစ်လာနိုင်မယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီလိုသာ အိုဇုန်းလွှာပါးလွှာမှုကို မတားနိုင်ခဲ့ရင် ကမ္ဘာ့လူဦးရေ သန်း ၂၀ လောက်ဟာ အရေပြားကင်ဆာနှင့် သေဆုံးနိုင်ပြီး သန်း ၁၃၀ ကတော့ မျက်စိအတွင်းတိမ်ရောဂါ ခံစားရလိမ့်မယ်လို့ ခန့်မှန်းထားခဲ့ကြတာပါ။

မျက်စိမြင်ခြင်းဟာ လူတိုင်းရဲ့မွေးရာပါအခွင့်အရေးတစ်ခုလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခံယူပါတယ်။ ဒါကြောင့်လည်း Recognition of Sight as a Fundamental Human Right လို့သတ်မှတ်ပြီး မျက်မမြင်ကာကွယ်ရေးလုပ်ငန်းကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပဲ ဇောက်ချလုပ်ကိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း ကမ္ဘာတစ်လွှားမှာမျက်စိကို ဒုက္ခအကြီးအကျယ်ပေးခဲ့တဲ့ ကူးစက်ရောဂါတစ်မျိုးဖြစ်တဲ့ မျက်ခမ်းစပ်ရောဂါကြောင့် မျက်စိကွယ်သွားရတဲ့ လူဦးရေဟာ ၁၉၈၅ ခုနှစ် မတိုင်မီက သန်း ၃၆၀ ခန့်ရှိခဲ့ပေမယ့် အခုအခါမှာတော့ သန်း ၄၀နီးပါးခန့်သာရှိပါတော့တယ်။ မြန်မာနိုင်ငံမှာတော့ အပူပိုင်းဒေသဖြစ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ၁၉၆၄ ခုနှစ်က လူပေါင်း ၄၃ ရာခိုင်နှုန်းခန့် ခံစားခဲ့ရတဲ့ မျက်ခမ်းစပ်ရောဂါဟာ မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးစီမံကိန်းရဲ့ အားကြိုးမာန်တက် လုပ်ဆောင်ခဲ့မှုကြောင့် ယခုအခါ လူဦးရေရဲ့ တစ်ရာခိုင်နှုန်းအောက်မှာသာရှိပါတော့တယ်။

မျက်စိကွယ်စေတတ်တဲ့ ရောဂါတွေထဲက အတွင်းတိမ်ရောဂါဟာ ကုသရာမှာ အသက်သာဆုံးနှင့် အထိရောက်ဆုံး အမြင်အာရုံပြန်ရနိုင်တဲ့ မျက်စိရောဂါတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက မျက်စိဆရာဝန်တွေနှင့် ကျန်းမာရေးဝန်ထမ်းတွေက ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနှင့် ဆေးရုံ၊ ဆေးပေးခန်းတွေမှာသာ မျက်စိဝေဒနာရှင်တွေကို ခွဲစိတ်ကုသပေးခဲ့တာ မဟုတ်ဘဲ နိုင်ငံတစ်လွှား ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးက မျက်စိဌာနမရှိတဲ့ မြို့တွေမှာပါ မျက်စိကုအဖွဲ့တွေနှင့် ကွင်းဆင်းသွားရောက်ကုသပေးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီကုသပေးခဲ့တာက ၂၀၀၀ ပြည့်နှစ်ကစပြီး ၂၀၀၉ခုနှစ်ထိ မျက်စိဝေဒနာရှင်ပေါင်း ၁၈၄၇၃၂ဦးကို ပြင်ပလူနာအနေနှင့် ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်ရောဂါရှင်ပေါင်း ၂၄၁၄၀ ကို အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုကုသနိုင်ဖို့ နိုင်ငံတစ်ဝန်းက စေတနာရှင်တွေက ကူညီပံ့ပိုးခဲ့ကြလို့ အခုလိုခွဲစိတ်ကုသပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ဦးတည်ချက်ဖြစ်တဲ့ Vision 2020 The Right to Sight, Elimination of Avoidable Blindness "အမြင်သန်စွမ်းဖို့အခွင့်အလမ်း ခရစ်နှစ် ၂၀၂၀ အရောက်လှမ်း" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ၂၀၂၀ခုနှစ်မှာ ကာကွယ်ကုသလို့ရတဲ့ မျက်စိရောဂါအားလုံးထိရောက်စွာ ကာကွယ်ကုသနိုင်ဖို့ ကမ္ဘာတစ်လွှားနိုင်ငံတွေ အားလုံးက ရည်ရွယ်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ် စစ်တမ်းများအရ လူဦးရေသန်း ၅၀ ကျော်မှာ မျက်မမြင်ဦးရေ သုံးသိန်းခန့်ရှိနေတာကြောင့် မျက်မမြင်နှုန်း သုည ဒသမ၆ ရာခိုင်နှုန်း လူ တစ်သိန်းမှာ ၆၀၀ခန့်ရှိနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်အတိုင်းဆိုရင် ၂၀၂၀ ခုနှစ်မှာ ကမ္ဘာ့မျက်မမြင်နှုန်းဟာ သုည ဒသမ ၅ရာခိုင်နှုန်း လူ တစ်သိန်းမှာ ၅၀၀ အောက်ရောက်ရမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနှင့် ဒီရည်ရွယ်ချက်ကိုရောက်ဖို့ အလှမ်းမဝေးနိုင်တော့ပါဘူး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနဟာလည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးရဲ့ ဦးတည်ချက် (၃)ရပ် ဖြစ်တဲ့-

(၁) မျက်စိရောဂါများ တိုးမြင့်ကာကွယ်နှိမ်နင်းရေး

(၂) မျက်စိရောဂါကာကွယ်ကုသမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး

(၃) နည်းပညာနှင့် အခြေခံအဆောက်အအုံများ တိုးမြင့်ရေး

ဆိုတဲ့ ဦးတည်ချက်ပေါ်မှာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၁၉၈၈ ခုနှစ် မတိုင်မီက ရန်ကုန်၊ မန္တလေးတို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်က မြို့ကြီးတွေလောက်သာ မျက်စိကုဌာနတွေ ဖွင့်လှစ်နိုင်တာကနေ ယခုအခါ တစ်နိုင်ငံလုံး မျက်စိကုဌာနပေါင်း ၆၁ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်မျက်စိဆရာဝန်ပေါင်း ၁၀၀ ကျော်ကျော်သာ ရှိခဲ့ရာက ယခုအခါ ၂၅၈ ဦးထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

မျက်စိကုသမှုအပိုင်းမှာလည်း ခေတ်မီခွဲစိတ်မှုနည်းစနစ်များကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနိုင်ရေးအတွက် စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အစ္စရေးနိုင်ငံ စတဲ့ နိုင်ငံများက မျက်စိဆရာဝန်တွေနှင့် ပူးပေါင်းလေ့ကျင့် ခွဲစိတ်မှုများ ဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ယခုအချိန်ဟာ ၂၀၁၀ ခုနှစ်အတွင်း ရောက်နေပါပြီ။ ၂၀၂၀ ခုနှစ်ကိုရောက်ဖို့ ဆယ်စုနှစ်တစ်ခုသာ ကျန်ပါတော့တယ်။ ဒီအချိန်မှာ မြန်မာနိုင်ငံက မျက်စိဆရာဝန်များနှင့် ဝန်ထမ်းများဟာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရဲ့ ယခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ **"စကျွအမြင်ရှင်သန်ဖို့ ဆယ်စုနှစ်အတွင်းကြိုးစားစို့"**ဆိုတဲ့ အဆိုနှင့်အညီ မျက်စိရောဂါပျောက်ကင်းရေး၊ မျက်စိအမြင်ရှင်သန်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။ ။

## အင်းစိန်မြို့နယ် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၅ ရက်တွင် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လက်ထောက်တိုင်းလူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးတင်မြင့်တို့က အမှာစကားပြောကြားကြပြီး အင်းစိန်မြို့နယ် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးနီထွန်းက မြို့နယ်လှုပ်ရှားမှုများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များနှင့် World Vision မှ တာဝန်ခံများနှင့် Save The Children မှ တာဝန်ရှိသူများက ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## ပြည်တွင်းအခွန်ညွှန်ကြားရေးမှူးချုပ် ရန်ကုန်တိုင်းဒေသကြီးရှိ စီမံအဆင့် ဝန်ထမ်းများအား တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံအဆင့်ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ အခွန်ထမ်းပြည်သူများနှင့် ဆက်ဆံရာတွင် စေတနာအရင်းခံပြီး ဆက်ဆံဆောင်ရွက်ကြရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် တာဝန်သိသိ ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုရရှိအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်အထက် ဝန်ထမ်း ၃၃၃ ဦးတို့ တက်ရောက်ကြသည်။

(ပြည်တွင်းအခွန်)

## ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ လှူဒါန်း

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မြမြအေးနှင့် အဖွဲ့က တောင်ငူကျေးရွာရှိ ပညာကမ္ဘာစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မြမြအေးက သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်းအုပ်ရေ ၁၅၀ ကို စာကြည့်တိုက်မှူး ဒေါ်အေးမာဝင်းထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

## စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့ သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

MCC Group သည် ၂၀၁၀ ခုနှစ်အလွန် တိုးတက်လာမည့် မြန်မာနိုင်ငံ၌ အရေးတကြီးလိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။ မကြာမီ MCC Group သည် Siam University နှင့် ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု Bachelor of Business Administration (BBA) ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ပေးတော့မည်ဖြစ်သည်။

Siam University (Thailand) သည် ထိုင်းနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်လေးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတကာ တက္ကသိုလ် ၄၇ ခုနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။ ဘွဲ့ကြို Bachelor ဒီဂရီ၊ ဘွဲ့လွန် Master ဒီဂရီသာမက ဒေါက်တာဘွဲ့များအထိ ချီးမြှင့်နိုင်သော တက္ကသိုလ်အဆင့်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် MCC Training Institute (Yangon Campus)၌ Siam University က ချီးမြှင့်မည့် BBA (Hotel & Tourism Management, International Business and Finance & Banking) ဘာသာရပ်များကို ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်သည်။

အထက်ပါသင်တန်းများအနက် BBA (Hotel & Tourism Management နှင့် International Business ) သင်တန်းကို ဦးစွာစတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျန် BBA (Finance & Banking) သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်ကြားမည့် အစီအစဉ်မှာ (2+2) ပုံစံဖြစ်ပြီး မြန်မာနိုင်ငံ MCC တွင် နှစ် နှစ်၊ ထိုင်းနိုင်ငံ Siam University တွင် နှစ် နှစ် စုစုပေါင်း လေးနှစ် သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန် အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ရမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်လျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ကြောင်း၊ ဝင်ခွင့်လျှောက်လွှာတွင် ပညာအရည်အချင်း ထောက်ခံချက်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း(မိတ္တူ)များကို ပူးတွဲဖော်ပြရန်လိုအပ်ကြောင်း။

ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံများကို ရယူနိုင်ပြီး သင်တန်းနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို သိရှိလိုပါက MCC (ရုံးချုပ်) အဆောင်(၃နှင့်၄) သိမ်ကြီးဈေး (စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၅၇၆၂၊ ၂၄၉၁၅၂၊ ၃၉၅၅၁၂ နှင့် ၂၄၆၆၃၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၃

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ၂၀၁၀ ခုနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ၂၀၁၀ ခုနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဝါရှင်တန်ဒီစီမြို့ရှိ DAR Constitution Hall ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံ ၁၈၄ နိုင်ငံတို့မှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ ဘဏ္ဍာရေးနှင့် ငွေကြေးအဖွဲ့အစည်းအသီးသီးမှ ဥက္ကဋ္ဌများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ သဘာပတိ နိုင်ဂျီးရီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Olusegun Aganga က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Dominique Strauss-Khan က ကမ္ဘာ့စီးပွားရေး၏ လက်ရှိအခြေအနေနှင့် အကျပ်အတည်းဖြစ်ပေါ်စေနိုင်မည့် အခြေအနေလေးရပ်တို့ကို လည်းကောင်း၊ ပြဿနာများကို တစ်နိုင်ငံချင်း သီးခြားဖြေရှင်းနိုင်မည်မဟုတ်ဘဲ နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းနိုင်ရန် လိုအပ်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr. Robert Zoellick က ကမ္ဘာ့စီးပွားရေး အကျပ်အတည်းအပေါ် ကမ္ဘာ့ဘဏ်၏ ဖြေရှင်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အရှေ့တောင်အာရှ မဲပေးအုပ်စု Governor များ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဝါရှင်တန်ဒီစီမြို့ရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရုံးချုပ်၌ ကျင်းပရာ ငွေရေးကြေးရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရုံးဌာနအတွင်း ငွေကြေးထည့်ဝင်မှု တိုးမြှင့်ရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ပြုပြင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

### သုံးသပ်ဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းကလည်း မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းအပေါ် ဖြေရှင်းတိုးတက် အောင်မြင်မှုဆိုင်ရာများကို သုံးသပ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အရှေ့တောင်အာရှ မဲပေးအုပ်စု အဖွဲ့ဝင်နိုင်ငံများ၏ Governor များဖြစ်သူ ဘဏ္ဍာရေးဝန်ကြီးများကလည်း နိုင်ငံအလိုက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

### တက်ရောက်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ငွေရေးကြေးရေးကော်မတီ အစည်းအဝေးများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ဝါရှင်တန်ဒီစီမြို့ရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ရုံးချုပ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အဆိုပါ ရုံးချုပ်၌ ကျင်းပသော ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေးကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ယင်းနောက် ကမ္ဘာ့ငွေရေးကြေးရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဝါရှင်တန်ဒီစီမြို့ရှိ ကမ္ဘာ့ဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ငွေရေးကြေးရေး စနစ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် ပြန်လည်ထွက်ခွာခဲ့ရာ ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။ ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရုံးချုပ်၌ အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ငွေရေးကြေးရေးကော်မတီအစည်းအဝေး တက်ရောက်စဉ်။**

(ဘဏ္ဍာ/အခွန်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၀-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အကပဒေသာ
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၂၀ ၈။ "မျက်စိအမြင်ရှင်သန်ရေး၊ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး"
- ၅း၃၀ ၉။ ရောင်စုံရေးသီ တေးပန်းချီ
- ၅း၄၅ ၁၀။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်" (ဖားသူငယ်တို့ ပျော်ရာကမ္ဘာ) (အပိုင်း-၁)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၇) (သူရလင်း၊နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ဇင်မျိုး) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့ . . . ရင်ခုန်သံ" (အပိုင်း-၃)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)**
- ၂၁။ **"အရုဏ်ဦးမှာ ဖူးသည့်ကြာ" (ပထမပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)**
- ၂၂။ အစီအစဉ်ပြီး၏။

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့သဘာဝတောတွေ ထိန်းသိမ်းစို့

# လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ အဌမအကြိမ်မြောက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာ စာရင်းကိုင်စာမေးပွဲ အောင်လက်မှတ် ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို စာရင်းစစ်ချုပ်ရုံး ရန်ကုန် သင်တန်းကျောင်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ နိုဝင်ဘာ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားတွင် ၂၀၁၀ ခုနှစ် မတ်လ (အမှတ်စဉ် ၃၁)နှင့် ဩဂုတ်လ (အမှတ်စဉ် ၃၂) များတွင် ကျင်းပခဲ့သော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများနှင့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

### ဖိတ်ကြားထား

ယင်းစာမေးပွဲအသီးသီးနှင့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလများ၌ ကျင်းပခဲ့သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ပထမပိုင်း) အမှတ်စဉ် (၃၃၊ ၃၄)စာမေးပွဲများ၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း) စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအားလည်း ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား၊ သင်တန်းသူအားလုံး အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

အခမ်းအနား တက်ရောက်မည့်သူများသည် အခမ်းအနားကြေး ကျပ် ၄၀၀၀ နှင့် ပတ်စပို့အရွယ် ဓာတ်ပုံ တစ်ပုံကို စာရင်းစစ်ချုပ်ရုံး ရန်ကုန် သင်တန်းကျောင်းသို့ အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၀ ရက်အတွင်း ပေးသွင်းပြီး အခမ်းအနားတက်ရောက်ခွင့်လက်မှတ် ကြိုတင်ထုတ်ယူရန်နှင့် ဆုရရှိသူများ၏ အမည်စာရင်းကိုလည်း ယင်းလိပ်စာတွင် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ပန်းတနော်မြို့နယ် စစ်ကိုင်းအရှေ့ချောင်း မယ်လမ်းပျော်ရေနက်ကွင်းမှ အရှင်ဖမ်းဆီးရမိခဲ့သည့် မိကျောင်းကို တွေ့ရစဉ်။**

(သတင်းစဉ်)

# ပန်းတနော်မြို့နယ် စစ်ကိုင်းအရှေ့ချောင်းအတွင်း လူတစ်ယောက်ကို ရန်ပြုရန် ကြိုးပမ်းခဲ့သည့် မိကျောင်းတစ်ကောင်အား မိကျောင်းဖမ်းဆီးရေးအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ မိန်းမလှကျွန်းဘေးမဲ့တော သဘာဝလျှောင်ကန်သို့ ဆက်လက်ပို့ဆောင်ထိန်းသိမ်းသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပန်းတနော်မြို့နယ် စစ်ကိုင်း အရှေ့ချောင်းအတွင်း လူတစ်ယောက်ကိုရန်ပြုရန် ကြိုးပမ်းခဲ့သည့် မိကျောင်းတစ်ကောင်အား မိကျောင်းဖမ်းဆီးရေးအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

### ရန်ပြုရန်ကြိုးပမ်း

ဖြစ်စဉ်မှာ ပန်းတနော်မြို့နယ် စစ်ကိုင်းကျေးရွာအုပ်စု မယ်လမ်းပျော်ကျေးရွာနေ ဦးဝင်းငြိမ်းအား အောက်တိုဘာ ၇ ရက် ညပိုင်းတွင် စစ်ကိုင်းအရှေ့ချောင်း၌ မိကျောင်းတစ်ကောင်က လှေပေါ်သို့ခုန်ကိုက်၍ ရန်ပြုရန် ကြိုးပမ်းခဲ့ကြောင်း၊ မိကျောင်းအကိုက်ခံရမှုကြောင့် ဦးဝင်းငြိမ်းတွင် ယာပေါင်အလျား နှစ်လက်မ၊ အနက် တစ်လက်မ ပြတ်ရှဒဏ်ရာနှင့် ယာဒူးခေါင်းတွင် သုံးလက်မခန့် ပြတ်ရှဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည့်အတွက် ပန်းတနော်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူခဲ့ရာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ မိကျောင်းအား ဘိုကလေးမြို့နယ် မိန်းမလှကျွန်း မိကျောင်းထိန်းသိမ်းရေးစခန်းမှ မိကျောင်းဖမ်းဆီးရေးအဖွဲ့ဖြင့် အောက်တိုဘာ ၈ ရက် ညပိုင်းမှစ၍ ရှာဖွေဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် မယ်လမ်းပျော်ရေနက်ကွင်း၌ ၎င်းမိကျောင်းကို အရှင်ဖမ်းဆီးရမိခဲ့သည်။

### ထိန်းသိမ်းမည်

ဖမ်းဆီးရမိသည့်မိကျောင်းကို ပြည်သူများအား အန္တရာယ်မပြုနိုင်စေရေးအတွက် မိန်းမလှကျွန်းဘေးမဲ့တော သဘာဝလျှောင်ကန်သို့ ဆက်လက်ပို့ဆောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တောင်ကိုရီးယားနိုင်ငံသို့ သင်တန်းတက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် ASEAN Women SMEs Cooperation Network Program သင်တန်းတက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီး (ငယ်/ရွယ်) လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်လဲ့လဲ့အေးနှင့် အဖွဲ့ဝင် ဒေါ်ဆုထက်လှိုင်တို့သည် အောက်တိုဘာ ၉ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

## မြန်မာအားကစားအဖွဲ့ဝင်များအား လည်ဆွဲပြားများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား မလေးရှားနိုင်ငံ Fusion Excel International SDN. BHD မှ Quantum လည်ဆွဲပြားများ လှူဒါန်းသည့် အခမ်းအနားကို အောက်တိုဘာ ၈ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်သည်။

အခမ်းအနားအစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး Fusion Excel International SDN. BHD မှ Presidential Director Mr. Kenny Wong Choon Wai က (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား Quantum လည်ဆွဲပြားများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လည်ဆွဲပြားများကို (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(အပေါ်ဝဲပုံ)** (သတင်းစဉ်)



## အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ သုဂတောဓမ္မာရုံ ဖွင့်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော် စွယ်တော်မြတ် စေတီတော် ဝတ္တကမြေပေါ်၌ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)က တည်ဆောက်ပြီးစီးခဲ့သော သုဂတောဓမ္မာရုံဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များ၊ အင်္ဂပူမြို့နယ်အသင်းဝင်များ၊ နာယကကြီးများ၊ အမှုဆောင်များ၊ ဌာနေအသင်းဝင်များနှင့် နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့မှ ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အထက(၄) မရမ်းကုန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

အထက(၄) မရမ်းကုန်းတွင် ၁၉၇၀မှ ၁၉၈၇ ပညာသင်နှစ်များအတွင်း သင်ကြားပို့ချခဲ့ကြသော အသက် (၆၀)နှစ်အထက် ဆရာများအား တပည့်များစုပေါင်း၍ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၄) မရမ်းကုန်း စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန်နှင့် အကြိုညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အဆိုပါကျောင်း စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁၆၂၅၀၄၊ ၀၉-၅၁၇၇၇၄၁၊ ၀၉-၅၀၄၃၃၄၀၊ ၀၉-၅၀၄၀၉၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**ပလင်းတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါး ရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်/ဖြန့်ချိဌာန | မှတ်ချက် |
|---|---|---|---|
| ၁။ | သိဒ္ဓိရှင် ပန်းနာရင်ကြပ်အထူးဆေး | ၂၆၈ သစ္စာလမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၂။ | ဟိန်း ဒူးနာ၊ ခါးနာ ကိုက်ခဲပျောက်ဆေး | လိပ်စာမပါ။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၃။ | ဝက်ဝံတံဆိပ် ဝမ်းရောဂါဆေးမှုန့် | ဝက်ဝံတံဆိပ် ခွမ်ကျူးဆေးတိုက်ကြီး ရန်ကုန်။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၄။ | လက်တွေ့ "ယ"အကြောပျော့ ခါးနာပျောက်ဆေး | ခ(၁၀) နေခြည်ဈေးကြီး မြန်အောင်မြို့။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၅။ | ဂဠုန်မင်း အကြောတက်ဒူးနာ၊ခါးနာ ပျောက်ဆေး | ဂဠုန်မင်းဆေးတိုက် ရန်ကုန်မြို့။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၆။ | လောကနတ် ခါးကိုက်၊ ဒူးကိုက် အကြောတက်ပျောက်ဆေး | E-9/10 ပဒေသာဈေး ဟင်္သာတမြို့။ | အနောက်တိုင်းဆေးဝါးရော သက်တမ်းလွန် |
| ၇။ | ဒေါင်းတံဆိပ်အဘယသုခဆေးနီကျော် အခိုးထုတ်အဖျားဖြတ်ဆေး | အမှတ်(၅၄) (၃၃)လမ်း ၈၅×၈၆လမ်းကြား မန္တလေး။ | အနောက်တိုင်းဆေးဝါးရော သက်တမ်းလွန် |
| ၈။ | ရွှေလယ်သမား ယားနာပျောက်ဆေး | ကိုဝင်းမြင့်-မဘေဘီဆေးဆိုင် (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့် ရန်ကုန်။ | အနောက်တိုင်းဆေးဝါးရော |
| ၉။ | ရီမြင့် လေးဖက်နာပျောက်ဆေး | ရီမြင့် ကျောက်မျက်ရောင်းဝယ်ရေး အမှတ်(၅၁) ၃၃×၃၄ လမ်းကြား ၇၃×၇၄ လမ်းကြား မန္တလေးမြို့။ | အနောက်တိုင်းဆေးဝါးရော |
| ၁၀။ | မေတ္တာမွန်မျက်စဉ်း | အမှတ်(၈၁၄) အင်္ဂပိုလမ်း သုံးပင်ကွင်းရပ် ဟင်္သာတမြို့။ | မှတ်ပုံတင်မရှိ |
| ၁၁။ | ရှင်ရသေ့ လေဆေး | ဆရာဦးအောင်မိုး ရှင်ရသေ့ဆေးတိုက် ရေငယ် ပြင်ဦးလွင်မြို့။ | မှတ်ပုံတင်မရှိ |
| ၁၂။ | ရှင်ရသေ့ ဝမ်းသန့်ဆေး | ဆရာဦးအောင်မိုး ရှင်ရသေ့ဆေးတိုက် ရေငယ် ပြင်ဦးလွင်မြို့။ | မှတ်ပုံတင်မရှိ |
| ၁၃။ | ဆရာကျော် ဇီဝကလိမ်းဆေးကြီး | အမှတ်(၃၇၈) (၈၄) လမ်း (၄၀x၄၁)လမ်းကြား မန္တလေး။ | မှတ်ပုံတင်မရှိ |

၃။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါ စံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



ညောင်ရွှေမြို့ မြို့မ မင်္ဂလာဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချသည့်ဆိုင်များအား အရည်အသွေး စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၁) ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးကြိုးများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့ပြလမ်းများခင်းရန် ကျောက်စုဆောင်းထားရှိမှုကို သက်မှတ်ကျောက်ကျင်းများ ပြည့်မီရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

**NAING Family Co.,Ltd. CHERRY OO**
**No.117/127, 33rd Street, Kyauktada Township, Yangon.**
**Ph:388387, 372806**

**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)**

၁။ Budget Controller — ကျား/မ (၁)ဦး
(က) B.Com, CPAဘွဲ့ရ၊ အသက်(၃၅-၄၅)နှစ်။
(ခ) လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
(ဂ) LCCI Level(III), MYOB Software Excel ကျွမ်းကျင်သူ။

၂။ Assistance Chief Accountant — မ(၁)ဦး
(က) B.Com, B.Actဘွဲ့ရ၊ အသက်(၃၀-၄၅)နှစ်
(ခ) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်
(ဂ) မြန်မာနိုင်ငံစာရင်းကောင်စီ အသိအမှတ်ပြုလက်မှတ်(CPA)ရရှိထားသူ။
(ဃ) LCCI Level(III), MYOB Software, Excel ကျွမ်းကျင်သူ။

၃။ Manager (Brand) — ကျား/မ(၁)ဦး
(က) M.B.Aဘွဲ့ရ၊ အသက်(၂၈-၃၅)နှစ်။
(ခ) Sales & Marketing အတွေ့အကြုံ(၃)နှစ်နှင့် ဈေးကွက်ထိုးဖောက်နိုင်သူ။
(ဂ) အင်္ဂလိပ်(ရေး/ပြော)၊ ကွန်ပျူတာအသုံးချနိုင်။

၄။ Auditor — မ(၂)ဦး
(က) B.Com, B.Act ဘွဲ့ရ၊ အသက်(၂၅-၃၀)နှစ်
(ခ) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်။
(ဂ) Accounting Softwareများ အသုံးပြုနိုင်။

၅။ 3D Designer — ကျား/မ(၂)ဦး
(က) ဘွဲ့ရ၊ အသက်(၂၅-၃၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်
(ခ) Auto CAD (2D, 3D, 3D Max & Rendering) ကျွမ်းကျင်စွာအသုံးပြုနိုင်။
(ဂ) နာရီဒီဇိုင်းများ ရေးဆွဲခြင်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ။

၆။ Sales Promoter — ကျား/မ (၁၂)ဦး
(က) ဘွဲ့ရ၊ အသက်(၂၂-၂၆)နှစ်၊ အရောင်းအတွေ့အကြုံ(၁)နှစ်
(ခ) အပြောအဆိုအမူအရာ ယဉ်ကျေးသူ၊ ရုပ်ရည်သန့်ပြန့်၍ သွက်လက်ဖျတ်လတ်သူ။
(ဂ) လိုအပ်ပါက နယ်ဆိုင်များတွင်လည်း သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ။

ရာထူးအလိုက်လျှောက်ထားသူများသည် CV၊ ပညာအရည်အချင်းအထောက်အထား(မိတ္တူ)၊ အကျင့်စာရိတ္တထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အထောက်အထားများနှင့်တကွ မန်နေဂျာ(HRD) ချယ်ရီဦးရုံးချုပ်သို့ အထက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

## မြေးများအတွက် လူ့သမိုင်းပုံပြင် အတွဲ(၂) ထုတ်ဝေဖြန့်ချိ



**ရန်ကုန် အောက်တိုဘာ ၁၃**

စာရေးဆရာ လှိုင်သင်း၏ "မြေးများအတွက် လူ့သမိုင်းပုံပြင်" အတွဲ(၂)စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ အတွဲ(၂)စာအုပ်တွင် အခန်း(၅၀) မှ အခန်း(၇၇)အထိ အခန်းပေါင်း (၂၈)ခန်း စာမျက်နှာ (၄၂၈) ပါရှိကာ ကံ့ကော်ဦးမွန်စာပေတိုက်မှ ထုတ်ဝေ၍ ပါရမီစာပေ အမှတ် (၂၃၀) (၂၉)လမ်း (အထက်လမ်း) ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၃၂၄၆ က တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။

(သတင်းစဉ်)



**ကာကွယ်**

**ဇေယျာရွှေမြေတိုက်စစ်မှူး ဗစ်တာ၏ ထိုးဖောက်ဂိုးသွင်းမှုကို Delta ဂိုးသမား သီဟစည်သူ ကာကွယ်စဉ်။**

## ဂိုးပြတ်အနိုင်ရပြီး ဖလားနှစ်လုံးလမ်းကြောင်းထဲ ရောက်လာသည့် ဇေယျာရွှေမြေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၀ MFF Max Cement Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇေယျာရွှေမြေအသင်းနှင့် Delta United အသင်းတို့သည် ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဇေယျာရွှေမြေအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇေယျာရွှေမြေ သုံးဂိုး
**(ဗစ်တာ၊ ကီမယ်လ် နှင့် ကျော်ကိုကို)**
Delta United တစ်ဂိုး
**(ဂေးလ်ဒက်စ်)**

MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် တွေ့ဆုံစဉ်က Delta United ကို သုံးဂိုးစီ သရေသာ ကစားနိုင်ခဲ့သော ဇေယျာရွှေမြေအသင်းမှာ ယခုပွဲတွင် ဂိုးပြတ်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဇေယျာရွှေမြေအသင်းမှာ ယခု ရှုံးထွက်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်သလို အမှတ်ပေး ပြိုင်ပွဲတွင်လည်း ထိပ်ဆုံးမှ ရတနာပုံနှင့် နှစ်မှတ်အကွာ တတိယနေရာတွင် ရပ်တည်နေရာ ဖလားနှစ်လုံးလမ်းကြောင်းထဲ ရပ်တည်လျက်ရှိသည်။

Delta United အသင်းမှာ လက်ကျန်ဖလားတစ်လုံး မျှော်လင့်ချက်အတွက် လူစုံထုတ်ပြီး ဇေယျာရွှေမြေကို ရင်ဆိုင်ခဲ့သည်။ ပွဲစကတည်းက ဇေယျာရွှေမြေကို Delta တို့ ဖိအားပေးနိုင်ခဲ့သော်လည်း ၂၄ မိနစ်တွင် ဂိုးပေးရပြီးနောက်ပိုင်း Delta တို့ ကစားကွက်ပျက်သွားခဲ့သည်။ ကျော်ကိုကို၏ ဖန်တီးပေးမှုမှတစ်ဆင့် အီတလီတိုက်စစ်မှူး ဗစ်တာက ဇေယျာရွှေမြေအတွက် အဖွင့်ဂိုး သွင်းယူခဲ့ကာ ဂိုးရပြီးနောက်ပိုင်းတွင် ဇေယျာရွှေမြေတို့ ကစားပုံ ပိုကောင်းလာခဲ့သည်။

ဒုတိယပိုင်းအစ သုံးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက်ရရှိခဲ့၍ ဇေယျာရွှေမြေတို့ ပွဲကိုစိုးမိုးသွားနိုင်ခဲ့သည်။ ၄၆ မိနစ်တွင် ကီမယ်လ်က ဒုတိယဂိုးနှင့် ၄၈ မိနစ်တွင် ကျော်ကိုကိုက တတိယဂိုးတို့ကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဇေယျာရွှေမြေတို့ပွဲကို ထိန်းကစားသွားပြီး Delta အတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ၈၂ မိနစ်တွင် ဂေးလ်ဒက်စ်က သွင်းယူပေးခဲ့သည်။

ဇေယျာရွှေမြေအသင်းသည် အကြိုဗိုလ်လုပွဲ၌ Southern Myanmar အသင်းနှင့် ကစားရမည်ဖြစ်သည်။

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု**
**ဝါကျွတ်အာစရိယပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ**

မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပစဉ်က လက်ကျန်ငွေ ကျပ်သိန်း(၆၀)ကျော် ကျန်ရှိနေပါသည်။ ယင်းငွေများထဲမှ တတိယအကြိမ် အာစရိယပူဇော်ပွဲ၏ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၀ခုနှစ် အောက်တိုဘာ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အိုရီယမ်တယ်ဟောက်စ်(မန္တလေးမြို့)၌ ၂၀၁၀ ခုနှစ် မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု အထူးဝါကျွတ် အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသည်။ ရူပဗေဒ ညီအစ်ကိုမောင်နှမများ စုံစုံညီညီ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

**မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု**

**ရန်ကုန်မြို့ တာမွေမြို့နယ် သမ္မာဒိဋ္ဌိလမ်းနေ ကွယ်လွန်သူဒေါ်ခင်ခင် လေးနှစ်ပြည့်အား ရည်စူး၍ ဦးချူဝမ် မိသားစုက ဆောက်လုပ်လျက်ရှိသော ဘိုးဘွားသောက်သုံးရန် ရေလှောင်ကန်နှင့် လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)





## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၇၇ လက်မ၊ ချောက်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ အောင်လံမြို့နှင့် ဇောင်းတူမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၈၅ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**အောက်တိုဘာ ၁၄ ရက် ညနေထိခန့်မှန်းချက်။** ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန်(၃၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်)၉၃ဒီဂရီဖာရင်ဟိုက် | | ၁၂-၁၀-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန်(၂၄ဒသမ သုည ဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက် | | ၁၃-၁၀-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း | | ၁၃-၁၀-၂၀၁၀ |
| မိုးရေချိန် | သုည ဒသမ ၂၇ လက်မ | ၁၃-၁၀-၂၀၁၀ |

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။






တစ်ဦးတည်းသော နိုင်ငံခြားသားဖြစ်သည့် ဘိုလီးဗီးယားလူမျိုး မိုင်းလုပ်သား ကားလော့စ် မာမာနီကို ချီလီသမ္မတက ကြိုဆိုနေစဉ်။



ဝမ်းသာလွန်း၍ ငိုကြွေးနေသည့် ခုနစ်နှစ်အရွယ် ကလေးငယ်ကို ဝိုင်းဝန်းနှစ်သိမ့်နေကြစဉ်။

**ကိုပီယာပို အောက်တိုဘာ ၁၃**

ချီလီနိုင်ငံ အတာကမာသဲကန္တာရ အစပ်ရှိ ကြေးနီနှင့်ရွှေ သတ္တုတူးဖော်ရေး မိုင်းတွင်းတစ်ခုအတွင်း မြေပြိုကျမှုကြောင့် မြေအောက် ၂၂၇၅ ပေအနက်တွင် ၆၉ ရက်ကြာ ပိတ်မိနေခဲ့ပြီးနောက် ချီလီမိုင်းလုပ်သား ၃၃ ဦးတို့အား ကယ်ဆယ်ရန် နေ့ညမပြတ် ကြိုးပမ်းမှုများနှင့်အတူ ယမန်နေ့ ညသန်းခေါင်အလွန် ၁၂း၁၁ နာရီတွင် ပိတ်မိမိုင်းလုပ်သားတစ်ဦးကို မြေပြင်ပေါ်သို့ ပထမဆုံး ကယ်တင်ထုတ်ယူနိုင်ခဲ့သည်။ ***စာမျက်နှာ ၅ ကော်လံ ၁ သို့*** ❖

## ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ပင်လယ်ပြင် ဗဟိုပြုနေ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ယနေ့ ညနေ ၅ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ဂိုပါလ်ပူမြို့ (Gopalpur) ၏ အရှေ့တောင်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

**ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ**

နေပြည်တော် အောက်တိုဘာ ၁၃ - **ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၉၀၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရှိရသည်။** (သတင်းစဉ်)